ထိုသူအား သီးသန့်ထားရှိ၍ နီးစပ်ရာဆေးရုံ/ဆေးခန်းသို့ ချက်ချင်းဆက်သွယ်အကြောင်
ကြားရပါမည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သောကျန်းမာရေး စောင့်ရှောက်
မှုများ ဆောင်ရွက်ပေးခြင်းနှင့် ပိုးတွေ့ရှိပါက ဆောင်ရွက်သင့်သည်များကို ဆက်လက်
ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

- ဝန်ထမ်းများ အလုပ်တက်/ဆင်းမှတ်တမ်းနှင့် အစည်းအဝေးတက်ရောက်မှုမှတ်တမ်းများ
လက်မှတ်ရေးထိုးခြင်းအား ယခုကာလအတွင်း ဆောင်ရွက်ရန်မသင့်ပါ။ အခြားနည်းလမ်း
ဖြင့်သာ ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံတွင်တွေ့ရှိရသည့် ကိုဗစ်-၁၉ရောဂါလက္ခဏာများမှာ ရုတ်တရက်အနံ့ပျောက်ဆုံးခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောခြင်း၊ နှာချေခြင်း/နှာစေးခြင်း၊ ကြွက်သားနှင့်အဆစ်အမြစ်များနာကျင်ခြင်း၊ လည်ချောင်းနာခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဗိုက်နာခြင်း/ဝမ်းပျက်ဝမ်းလျောခြင်း/အန်ခြင်း၊ ရုတ်တရက်အရသာပျောက်ဆုံးခြင်း၊ ခေါင်းကိုက်ခြင်း၊ အားအင်ကုန်ခမ်းခြင်းတို့ဖြစ်ပါသည်။

(ဇ) အထွေထွေဆောင်ရွက်ရန်အချက်များ

(၁) ကိုယ်အပူချိန်တိုင်းတာခြင်းသည်ရောဂါရှိ/မရှိအတိအကျခွဲခြားပေးနိုင်ခြင်းမရှိပါ။ ကိုယ်အပူ
ချိန်ပုံမှန်ဖြစ်၍ ရောဂါလက္ခဏာ တစ်စုံတစ်ရာ မပြသသော်လည်း ရောဂါပိုးရှိနေနိုင်ပါသည်၊
မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့ရသည့်ကိုရိုနာ ဗိုင်းရပ်စ်ရောဂါပိုးရှိသောသူများ၏(၆၅)ရာခိုင်နှုန်း
မှ(၈၃)ရာခိုင်နှုန်းခန့်သည် ရောဂါလက္ခဏာ တစ်စုံတစ်ရာ မပြသပါ။

(၂) အဆောက်အဦအတွင်းရှိ လုပ်ငန်းခွင်နေရာများတွင်လည်းကောင်း၊ အဆောက်အဦပြင်ပရှိ
နေရာများတွင်လည်းကောင်း ပိုးသတ်ဆေးအသုံးပြု၍ ဆေးမှုတ်ခြင်း၊ ဆေးဖျန်းခြင်းများ၊
အခန်းငယ်နှင့်အလုံခန်းများအသုံးပြု၍ လူများကို ပိုးသတ်သန့်စင်ဆေးရည်ဖြင့် ပိုးသတ်